


# ဝရပေါ်းပြာထက်လူ


## အချစ်နဲ့ ဒိုင်နိုဆော

နိုင်းဝင်းမြင့်စီစဉ်သည်။

9 789997 117984

ngyoe.com

mgyoe.com



ISBN9789997117984
POEM63
9 789997 117984
2,000.00KS

mgyoe.com

အချစ်နဲ့ဒိုင်နိုဆော၊ ခရမ်းပြာထက်လူ
မျက်နှာဖုံးပန်းချီ - ဘငွေးကြည်
စာမျက်နှာ ၉၅+ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၀ •၇ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၉၊ ဇူလိုင်လ၊ ပထမအကြိမ်၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၂၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# အချစ်နဲ့ဒိုင်နိုဆော

## ခရမ်းပြာထက်လူ

ပထမအကြိမ်၊ ၂၀၁၃

mgyoe.com

mgyoe.com

---

ကဗျာစာသားများကို
ကဗျာရေးသူ၏ အာဘော်မထိခိုက်နိုင်သော
သတ်ပုံပြင်ဆင်ခြင်းမှလွဲ၍
အခြားသတ်ပုံများနှင့် အထားအသိုများအတွက်
ကဗျာဆရာ၏ ပိုင်ခွင့်အဖြစ်သတ်မှတ်လျက်
ပြုပြင်ထားခြင်းမရှိပါ။

---

mgyoe.com

mgyoe.com

ချစ်ဇနီး

**မအေးအေးမော် သို့...**

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

## မာတိကာ

※ အချစ်နဲ့ဒိုင်နိုဆော သို့... အမှာ .......... က
၁။ နတ်သမီးအိပ်မက် .......... ၁
၂။ အသန်မာဆုံးဆည်းဆာ .......... ၂
၃။ အချစ်နဲ့ဒိုင်နိုဆော .......... ၄
၄။ နေရှဥ္စရာ .......... ၆
၅။ အိုးပစ်အိမ်ပစ် အဓိပ္ပာယ်သစ် .......... ၈
၆။ ဒီခေတ်ရဲ့ ဒီအချစ်ဆိုတာ .......... ၁၀
၇။ ပင်လယ်ဓားပြ .......... ၁၂
၈။ အချစ်ကို အမုန်းဆွဲနေတဲ့
အမွဲဆုံးလူတစ်ယောက် .......... ၁၄
၉။ အချစ်ကဗျာ .......... ၁၇
၁၀။ အမေမွေးရင်း ကမ္ဘာစားရင်း
စကြဝဠာအများကြိုက်တေးဖြစ်လာခြင်း .......... ၁၉
၁၁။ ငါတို့လူငယ်ဘဝ (၂၀) .......... ၂၀
၁၂။ ငါတို့လူငယ်ဘဝ (၂၁) .......... ၂၁
၁၃။ ငါတို့လူငယ်ဘဝ (၂၅) .......... ၂၂

mgyoe.com

mgyoe.com

၁၄။ ဂျင်းဘောင်းဘီများ . . . . . . . . . . ၂၃
၁၅။ သေလို့ရတယ် အကောင်းဆုံးလူငယ် (၁) . . . . . . . . . . ၂၅
၁၆။ ခရမ်းရောင် ဂျစ်ပစီ . . . . . . . . . . ၂၆
၁၇။ ခရမ်းပြာ ကဗျေး . . . . . . . . . . ၂၈
၁၈။ လက်ဖက်ရည်ဆိုင်လောက . . . . . . . . . . ၂၉
၁၉။ ဆိုက်ပရပ်(စ်)ကဗျေး . . . . . . . . . . ၃၂
၂၀။ ညကဗျေး . . . . . . . . . . ၃၄
၂၁။ အနိစ္စကဗျေး . . . . . . . . . . ၃၆
၂၂။ စိတ်လေလွင့်
အသင့်အနေအထားမရှိတဲ့ည . . . . . . . . . . ၃၈
၂၃။ တနင်္ဂနွေကပွဲ . . . . . . . . . . ၃၉
၂၄။ သားသတ်မလွတ်တဲ့ ညနေ . . . . . . . . . . ၄၀
၂၅။ အထီးကျန် . . . . . . . . . . ၄၂
၂၆။ ကဗျာဆရာနဲ့ဆရာဝန် . . . . . . . . . . ၄၃
၂၇။ မြို့တော် . . . . . . . . . . ၄၄
၂၈။ ဝမ်းဖောဝမ်းရောင်မြို့ကြီး . . . . . . . . . . ၄၆
၂၉။ တောသား . . . . . . . . . . ၄၇
၃၀။ မှတ်တမ်းမှတ်ရာ . . . . . . . . . . ၄၈
၃၁။ ဘဝဟူသည် . . . . . . . . . . ၅၀
၃၂။ လပြည့်ည (၁) . . . . . . . . . . ၅၂
၃၃။ တော (၁) . . . . . . . . . . ၅၃
၃၄။ တော . . . . . . . . . . ၅၄
၃၅။ သည်းထိတ်ရင်ဖို . . . . . . . . . . ၅၅
၃၆။ နွေညများ . . . . . . . . . . ၅၇
၃၇။ ငါ့ညများ . . . . . . . . . . ၅၉
၃၈။ ကမ္ဘာကြီးပူနွေးမှု . . . . . . . . . . ၆၀
၃၉။ လမ်းဟာ လိုလေသေးမရှိအောင် လန်းဆန်းတုန်းပဲ . . . . . . ၆၂

mgyoe.com

mgyoe.com

၄၀။ မေးခွန်းများ . . . . . . . . . . . ၆၄
၄၁။ ကျောင်းတော်ကအပြန် (၂) . . . . . . . . . . . ၆၆
၄၂။ ကျောင်းတော်ကအပြန် (၃) . . . . . . . . . . . ၆၈
၄၃။ စန္ဒရားဆရာ (၁) . . . . . . . . . . . ၇၀
၄၄။ စန္ဒရားဆရာ (၂) . . . . . . . . . . . ၇၂
၄၅။ ဒုက္ခနဲ့လရောင် (၁) . . . . . . . . . . . ၇၄
၄၆။ ဒုက္ခနဲ့လရောင် (၂) . . . . . . . . . . . ၇၅
၄၇။ မီးလောင်နေတဲ့ တယောသံ . . . . . . . . . . . ၇၈
၄၈။ အရှိန် . . . . . . . . . . . ၈၀
၄၉။ စပိတ်တစ် တစ်ချပ် . . . . . . . . . . . ၈၁
၅၀။ အဖြူထည် . . . . . . . . . . . ၈၃
၅၁။ လမ်းဘေးစိုက်ခင်း . . . . . . . . . . . ၈၄
၅၂။ မြို့လယ်က စိုက်ခင်း . . . . . . . . . . . ၈၆
၅၃။ ပင်လယ် . . . . . . . . . . . ၈၇
၅၄။ အမှားအယွင်းများ . . . . . . . . . . . ၈၉
၅၅။ ကျွန်တော့်ရပ်ကွက် . . . . . . . . . . . ၉၀
၅၆။ သိုးထိန်း . . . . . . . . . . . ၉၂
၅၇။ UNPLUGGED . . . . . . . . . . . ၉၃
၅၈။ နှစ်သစ်ဥယျာဉ် . . . . . . . . . . . ၉၅

❐

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com



## အချစ်နဲ့ဒိုင်နိုဆောသို့... အမှာ

ဟိုးတုန်းက တနင်္ဂနွေနဲ့ အစောဆုံး အိပ်ရာထခဲ့တဲ့ပိတောက်တွေ
နှင်းစကားပြောခဲ့တဲ့ ကန်ပတ်လည်လေချိုသွေးခဲ့တဲ့ မနက်ခင်းတွေ
ကြာပန်းတွေ အရမ်းဖူးတာပဲဆိုတဲ့ လက်နှိပ်ဓာတ်မီးအောက်ကညတွေ
အရေးသုံးပါးမှန်သမျှ ဘယ်တော့မှ သောက်ဂရုမစိုက်ခဲ့တဲ့စပါးပင်တွေ
ဂျုံနဲ့ယက်ထားတဲ့ကော်ဖီခင်းတွေ၊ သီချင်းနဲ့ဖောက်ထားတဲ့ လက်ဖက်ရည်ဆိုင်တွေ
ပျော်စရာကောင်းတဲ့ ပျော်ပျော်နေတတ်တဲ့ ဟိမဝန္တာတောင်တန်းကြီးတွေ
ကဗျာဖမ်းသဘော်တွေ လိုက်ဖမ်းနေတဲ့ ဝေလငါးတွေ
အချစ်နဲ့နှုတ်ခမ်းမှာ ဘာဆိုးဆေးမှ မဖျန်းထားတဲ့ ဩဂဲနစ်စိုက်ခင်းတွေ
ဂြိုဟ်ကြီး ၉ လုံးပြည့်အောင် ကျေနပ်ခဲ့ရတဲ့ကားတွေ
စန္ဒရားတီးရင်း ငါးမျှားတဲ့ မြင်းစိုင်းသားတွေ
ကဗျာရေးရင်း ဓားပေါက်ကျင့်တဲ့ သိဒ္ဓတ္ထတွေ
ဘယ်အချိန်စားစား လေကအရသာရှိတယ်ဆိုတဲ့ သက္ကရာဇ်တွေ
ဘယ်အချိန်သွားသွား လမ်းတွေက ခံဖို့အသင့်ပဲဆိုတဲ့ လွတ်လပ်ရေးတွေ
ရေထဲမှာ ဘယ် ခေါင်းအုံးမှ မျောမနေဘူး

mgyoe.com

mgyoe.com



ကိုယ့်အကြောင်းမသိတဲ့ မျက်လှည့်ဆရာ၊ မှော်ဆရာတွေ
ကိုယ့်အကြောင်းမရှိတဲ့ သေမင်းတမန်တွေ
စပိတ်တစ်လည်းကိုယ်ပဲ
ခရမ်းရောင် ဂျစ်ပစီလည်း ငါပဲ
အရင်က လှုလှုပပဆိုးခဲ့တဲ့ မိကောင်းဖခင်ကဗျာတွေဆိုတဲ့အကြောင်း
ပြောချင်မှာချင်တဲ့ ကျွန်တော်ချစ်ခဲ့တဲ့ မိန်းမလှတွေ. . .

ချမ်းပြာထက်လူ
၂၄၊ ၃၊ ၂၀၁၉

□

mgyoe.com

mgyoe.com

## နှတ်သမီးအိပ်မက်

အိပ်မက်ကိုသာ
ထပ်ခါတလဲလဲ ဘာသာပြန်လို့
နာရီတွေထဲ လောင်ကျွမ်းနေခဲ့တယ်။

နေ့အလင်းတန်းတွေထဲမှာ
မရဲတရဲ ရှာဖွေနေခဲ့
ပြည့်ဆွန်း မြေပုံမရှိတဲ့ ရတနာသိုက်
အို မောဟိုက်နေခဲ့ရပေါ့။

ဘယ်လို စေတန်နတ်ဆိုးမျိုးက
ကိုယ့်နတ်သမီးကို ဝှက်ထားတယ်ဆိုတာ
ပြောပြ
အဲ့ဒါလေးပဲ ပြောပြ။ ။

မြားနတ်မောင်မဂ္ဂဇင်း၊
စက်တင်ဘာ၊ ၁၉၉၃။

mgyoe.com

 mgyoe.com

# အသနိဗာဆုံးသည်းသာ

နတ်သမီးတစ်ပါးရဲ့ဂုဏ်သရေကို
ပျက်စီးစေလောက်အောင်ပင်
တောက်ပနေခဲ့တယ်-

သူတို့ပြောပြောနေတဲ့
အလှအပတွေထက်သာလွန်
လူတစ်ယောက်ရဲ့ဦးနှောက်ကို
ထပ်ခါတလဲလဲ ရူးသွပ်စေလောက်အောင်ပဲ
ထက်မြက်နေခဲ့ပေ့ါ-

လပြည့်ညတစ်သောင်းကို
ကောင်းကင်မှာချိတ်ဆွဲပြထားရင်တောင်မှ
နောင်တရစရာအဖြစ်
ကောင်းကင်ညစ်ပေသွားဦးမည်။

ဒဏ္ဍာရီနဲ့
ရာဇဝင်ထဲက မိန်းမလှတွေကို
မှော်အတတ်နဲ့ အသက်သွင်း
သီချင်း၊ ဂီတ၊ ကဗျာအဖြစ်
ဖန်ဆင်းပြသူသည်
ပင်ပန်းဆင်းရဲသူဖြစ်တော့မည်

mgyoe.com

mgyoe.com



သူမကို တောင်ကုန်းတစ်ခုပေါ်မှာတွေ့ခဲ့တယ်
ညနေဆည်းဆာ
ဆံပင်တွေ ဖားလျားချလို့
ဥစ္စာစောင့်လို
သူယောင်မယ်လို

တိမ်တွေနဲ့အတူ
သူ့ဆံပင်တွေ လိုက်ဖို့ ရုန်းကန်နေကြ

အဲ့ဒီညနေ
ရီဝေမိန်းမော
ပြည့်ဝတဲ့ ဘိန်းသမားတစ်ယောက်လို

အချိန်ပိုဆင်းတဲ့ နှလုံးခုန်ချက်နဲ့
ပန်းနုရောင် ငှက်တွေရဲ့
တဖျပ်ဖျပ် ပျံသန်းမှုမှာ
အသန်မာဆုံး
သူမအကြောင်းတွေ သီကုံးနေခဲ့ပေါ့...။ ။

မြားနတ်မောင်မဂ္ဂဇင်း၊
နိုဝင်ဘာ၊ ၁၉၉၂။

mgyoe.com

mgyoe.com


# အချစ်နဲ့ဒိုင်နိုဆော

မြစ်ကူးတံတားပေါ်
စိုက်ဝင်နေတဲ့
စိတ်လှုပ်ရှားဖွယ် အနမ်းများ

အချစ်က
စိမ့်ယိုစီးကျနေတဲ့ ရေနံတွင်းများလား
လရောင် မှုးနေတဲ့ သစ်တောများလား
ဘာမဆို ကြွေရမယ်ဆိုတဲ့
တန်ဖိုးရှိများလား

ဟိုး အဝေးက
မြစိမ်းရောင် လယ်ကွင်းပြင်များရဲ့
ရွှေဝါရောင် လက်ခုပ်သံများလား

လမ်းမှန် စခန်းမှန်
လင်သားတစ်ယောက်ရဲ့
အိမ်အပြန်လမ်းပေါ်
လောင်နေတဲ့ မီးကိုသပ်ချပေးနေတဲ့
အိမ်သူတစ်ယောက်ရဲ့
မေတ္တာသုတ်တရားတော်လား။

အချစ်က
ကလေကချေ တိမ်တိုက်များအောက်
မီးတောက်လို လျှောက်လာတဲ့

mgyoe.com

mgyoe.com



အဆုတ်ရောဂါဝတ်
ကုမ္ပဏီရဲ့ အတိုက်အစားခံမိန်းမ
ငါ့နှုတ်ခမ်းရှေ့လာရပ်တဲ့
စီးကရက် ကြော်ငြာမယ်တွေလား။

အချစ်က
ချောကလက်နှံ့တွေနဲ့
စစ်ဖြစ်နေတဲ့ မုန့်တိုက်
အဲ့ဒီမုန့်တိုက်ရှေ့
သတိလစ်မေ့မြောနေတဲ့
သူဆင်းရဲကလေးငယ်တစ်ယောက်လား။

လေထဲက ရဲတိုက်များ
စန္ဒရားထဲက ခွေးဟောင်သံများ

ဘူတာမှာ
ရထားက
အငွေ့တလူလူ
ပေါင်မုန့်တစ်လုံးလိုရှိနေဆဲ
ငါ့ရင်ထဲမှာ
အချစ်က
ပလက်ဖောင်းပေါ်
သံသယနဲ့သောင်တင်
ဒိုင်နိုဆောတစ်ကောင်လိုရပ်နေဆဲ။ ။

ဟန်သစ်မဂ္ဂဇင်း၊
အောက်တိုဘာ၊ ၂၀၀၃။

mgyoe.com

mgyoe.com

## နေ့ရှဥ္စရာ

ဗလာစာအုပ်ပေါ်က
အလင်းနဲ့မျဉ်းဖြောင့်
အဲဒီ ငါ့အိတ်ဆောင် အိုအေစစ်ကလေးနဲ့။

အဲဒီတုန်းက
တောင်ကုန်းတစ်ခုပေါ်မှာ
မြို့ကိုစီးကြည့်သူ
ငါ့လောက် ကြီးကျယ်တဲ့သူ ရှိပဲ့မလား။

အဲဒီလို
အမှောင်မှာကောက်ရဖူးတဲ့ကားမီးရောင်တွေ
ရယ်သလို မောသလို ခြွေပစ်ခဲ့တဲ့ အချိန်ရာသီတွေ။

ခု သူမရှိတာတစ်ခုနဲ့
ရန့်နဲ့အရောင်
အချိတ်အဆက်မမိတော့ဘူး။

mgyoe.com

mgyoe.com



လမ်းသွားလမ်းလာနဲ့ငါ
အချိတ်အဆက်မမိတော့ဘူး။

သရဖူစင်မြင့်နဲ့ငါ
အချိတ်အဆက်မမိတော့ဘူး။

ဆုပ်ကိုင်ထားတဲ့လပြည့်ည
လက်ထဲမှာဘီစကွတ်မုန့်တစ်ချပ်ကြေသလို ကြေမွ။

ခုဆို
လမ်းက
ငါ့ကိုငေးလို့

ပြန်လည်ဆက်ဆံလို့မရအောင်
ကောင်းကင်တစ်ခုလုံးနေရာလွဲခန်းကို
ထိုင်ရာကမထသစ္စာနဲ့
ငါက
လမ်းကိုငေးလို့။ ။

ဟန်သစ်မဂ္ဂဇင်း။

mgyoe.com

mgyoe.com

# အိုးဝစ်အိမ်ဝစ် အဝိဟ္ယယ်သစ်

လိုမယ်
ဂျစ်ကားတစ်စီး
ဂျင်းဘောင်းဘီတစ်ထည်

ကိုယ်က
သွေးအရောင်းအဝယ်မလုပ်တဲ့ယောက်ျားပဲ
အဲဒါကို စွဲလမ်းတိုးဝင်မိရင်
အရသာရှိရှိ အဆက်အသွယ်ရပြီ။
၁၆ နှစ်ကျော်တော့
ဒီစတိုးဆိုင်မှာ
ကိုယ့်ရည်းစားက စျေးအကြီးဆုံး။

ခေတ်က
သိန်း ၁၀၀ နဲ့ ဖွဲ့စည်းတာတောင်
ရေငတ်မပြေဘူးတဲ့

ကိုယ်နဲ့မင်း အသည်းအသန်ဇာတ်လမ်းမှာ
ဟောလိဝုဒ်လူကြမ်းအားလုံး ပါဝင်တယ်
အဓိက
ရေခဲတောင်တွေ ပြိုကျလာသလို
ကျေးပိုင်ကျွန်ပိုင်တောင်တန်းများ ပြိုဆင်းလာတာပဲ

mgyoe.com

mgyoe.com



ကိုယ်က
သီလစောင့်ရင်း
အူမ တောင့်နေတဲ့ကောင်ဆိုတော့
ကြယ်နီဆေးပေါ့လိပ်ကလေးဖွာ
ကြယ်တွေကို ငေးရီကြည်နူး
ကောင်းကင်ကို ခွာချချင်နေသူဆိုတော့

မြို့တစ်မြို့မှာ
ကဖေးဆိုင်တစ်ဆိုင်ရှိရုံနဲ့
ပြီးမြောက်တယ်အထင်အမြင်ရှိသူဆိုတော့
(ကဖေးဆိုင်တွေဟာ ကော်ဖီကိုမြစ်ရေနဲ့ဖျော်ပြီး
ပင်လယ်ကိုမျှားတယ်)

ဆိုတော့
ညီမလေးရဲ့
ရေခဲမုန့်စားချင်ရင်
*ကိုလံဘတ်(စ်)ရှာမတွေ့သေးတဲ့
ကျွန်းသစ်ကလေးတွေ ရှာဖွေတွေ့ရှိမှဖြစ်မယ်
ရှာပုံရှာနည်းသိပ်ရိုးပြီး
စကားလုံးတွေ ထိန်ထိန်သာနေရုံနဲ့မပြီးဘူး

ကဲ
ဒီလမ်းကို အလွတ်ကျက်ပြီးရင်
မျက်လုံးကို ချဲ့ပစ်လိုက်
တို့ နေကြာပန်းတွေဆီ
တရားထိုင်ပြီး တယ်လီဖုန်းဆက်ကြမယ်။ ။

စတိုင်သစ်မဂ္ဂဇင်း။

* columbus

mgyoe.com

mgyoe.com

# ဒီဧဝတ်ရဲ့ဒီအချစ်ဆိုတာ

အချစ်က
အိုင်းစတိုင်းရုပ်ရှည်နဲ့ပင်လယ်

အချစ်ဆိုတာ
ဆရာဝန်တစ်ယောက်နဲ့
စိတ်ကောက်နေတဲ့ ဗုံးတစ်လုံးဆိုရင်ကော

အချစ်ဆိုတာ
ခြစ်ခြစ်တောက်ပူပြင်းနေတဲ့မြို့တစ်မြို့နဲ့
အညို့ပေါက်ကာစ မိုးဉတုကလေး။

တောင်တက်သမားရဲ့ တိပ်ခွေထဲမှာ
ဂစ်တာကြိုးတွေ လရောင်တွေ
ဖျော်ရည်သစ်သီးဆိုင်တွေနဲ့ ကမ်းခြေတွေ
သံဝေဂယပ်တောင်နဲ့
သင်္ချိုင်းမရောက်ခင်
မျက်ရည်ဟာ အငွေ့ပျံသလိုပဲ

ချစ်သူနဲ့ ၅ မိနစ်အကွာ
ဉယျာဉ်ထဲ
လိပ်ပြာတစ်ကောင် မီးလောင်နေပြီဆို ခင်ဗျားယုံပါ။

အချစ်ကို
ဓားတစ်စင်းလို
အရေးတကြီးမျိုခဲ့ပြီး
မီးတောက်တစ်ခုလို
တဖြည်းဖြည်း တလိမ့်လိမ့် ပြန်အန်ထုတ်ခဲ့တယ်။

mgyoe.com

mgyoe.com



မိုးထဲလေထဲ မြဲမြဲဆုပ်ကိုင်လို့
ကော်ဖီဆိုင်ထိုင်သလို နွေးထွေးတယ်။

မြစ်နဲ့ပင်လယ်အစပ်မှာ
ငါ့အချစ်က
"ကောင်းရောင်းကောင်းဝယ်"
သူ့အချစ်က
ဒီစာကြောင်းစောင်းနေတယ်တဲ့
ငါ့အချစ်က
"လူမှန်နေရာမှန်"
သူ့အချစ်က
ဒီအဓိပ္ပာယ်သိပ်မကွဲဘူးတဲ့

ဘဏ်တိုက်ကြီးရဲ့ပါးစပ်ထဲမှာ
ချစ်သူရဲ့နှုတ်ခမ်းလွှာအကာနဲ့ အာဖရိကဝုံသံ

သေချာပြီ
အချစ်ကို
မေတ္တာသုတ်နဲ့ဆုပ်ထားလို့ မရတော့ဘူး

သေချာပြီ
အချစ်က
ငါ့တစ်ကိုယ်လုံး
ပေါင်မုန့်ဖုတ်သလို ဆူညံစေခဲ့ပေ့ါ။ ။

ရယ်စရာမဂ္ဂဇင်း။

mgyoe.com

mgyoe.com

# ပင်လယ်စားပြ

ဒီဥယျာဉ်ထဲမှာ
ကောင်မလေးက
ဂစ်တာတီးနေပြီး
ကောင်လေးက
အဲ့ဒီဂီတကို ပန်းချီဆွဲနေတယ်၊

ဒီဥယျာဉ်ထဲမှာ
သမီးလေးက ချိုမိုင်မိုင်ကလို့
အဖေက
အဲဒီချိုမိုင်မိုင်လက်ဖဝါးကြားက
ကမ္ဘာကို ဓာတ်ပုံရိုက်နေတယ်

ဒီဥယျာဉ်ထဲမှာ
အဘွားက
ရေတံခွန်ကို ငေးရီပွတ်သပ်
အဘိုးက
ကျောက်တုံးတွေပေါ်ကျေနပ်လို့

mgyoe.com

mgyoe.com



ဥယျာဉ်ထဲ
ဖြောင်းဆန်အောင်ပွင့်ကြ
ပန်းတွေ
စစ်ပြေးဒုက္ခသည်တွေလို ရှုပ်ပွ
လိပ်ပြာတွေ
ရယ်သံတွေ
ဖုံးကြသလိုကျနေပေါ့။

အပြင်မှာ
ချောက်ချားဖွယ် ခြစ်ခြစ်တောက်
ငေါက်တောက်ပန်းထွက်နေတဲ့မေလ

ပင်လယ်မှာ
ဂျွန်စတိန်းဘက်ရဲ့ ပုလဲကြီးတစ်လုံး
ဟဲမင်းဝေးရဲ့ ငါးကြီးတစ်ကောင်
ရေအောက်ရှေးဟောင်းမြို့တော်ကြီးတစ်ခု

အဲ့ဒါတွေစုပြီး
မင်းကိုယုယဖို့
အချစ်
မင်းအတွက်
ငါ ပင်လယ်ဓားပြလုပ်ရမယ်။ ။

မိုးဂျာနယ်၊
အောက်တိုဘာ၊ ၂၀၀၀။

mgyoe.com

mgyoe.com

**အချစ်ကို အမုန်းဆွဲငှနေတဲ့**
**အမွဲသုံးလူတစ်ယောက်**

ကျည်ဆန်တစ်တောင့်ခြေပြီး
သွေးထဲလောင်းထည့်နေတယ်

ရှင်ဟာ ရှင့်အတွေ့အကြုံတွေနဲ့
ကျွန်မသွေးထဲ ရှင့်ဒဏ်ရာတွေ စိတ်တိုင်းကျလောင်းထည့်

လူတစ်ယောက် အငွေ့တလူလူထွက်နေတာ
ပစ်ထားတဲ့ သေနတ်တစ်လက်လိုလဲနေတာ
ဒီတစ်ခါပဲ ကျွန်မမြင်ဖူး။

ရှင့်ဗိုက်က
လက်ဖက်ရည်ဆိုင်ဝက နံ့ပြားဖိုကြီးပဲ

ရှင့်ခေါင်းက
မီးစွဲလောင်နေတဲ့ ဥက္ကာပျံတစ်စင်း

ရှင့်ခြေထောက်တွေက
ခုမှ ပန်းပဲဖိုထဲက ထလာတဲ့သံချောင်းတွေ

mgyoe.com

mgyoe.com



မျက်လုံးတွေက
ကမ်းခြေအတိုင်းစောင့်နေတဲ့ ကျောက်စိုင်တွေလို အေးစက်

လက်တွေက
ကမ္ဘာကြီးတစ်ခုလုံး ပိုက်ပွေ့တော့မလို

အမှောင်မှာ ကျီးကန်းတစ်ကောင်ရဲ့ဂုဏာမငြိမ်မှုမျိုးနဲ့
ကျွန်မအသားတစ်တွေ ဆွဲထုတ်ဖို့ အလင်းကိုဖြဝင်သူ

ရှင့်ရမ္မက်တွေက
ချက်အရက်သောက်ထားတဲ့အရက်သမားလို

မသာအိမ်ဖဲရှုံးလို့
တစ်အိမ်လုံးအဆုံးစီရင်တော့မယ့်
အနကြမ်းသမားတစ်ယောက်လို

ရှင်သေချာမှုကို အပ်တစ်ပေါက်စာ
ဘယ်မှာ ကျွန်မမြင်ဖူးခဲ့လို့လည်း
ကျွန်မကို တွေ့ချင်တယ်
"ဖြစ်မလား"

mgyoe.com

mgyoe.com

ကျွန်မကို စောင့်နေမယ်
"ဖြစ်မလား"

"ရှင်ကျွန်မကို မချစ်ပါဘူး"
မချစ်ပါဘူး ရှင်ကျွန်မကိုလို့ ပြောတဲ့အခါ
ကျွန်မနှလုံးသားကို ရှင့်ဆေးလိပ်မီးတွေနဲ့လှမ်းထိုးတတ်

လိုနေတဲ့လူတစ်ယောက်
တစ်လောကလုံးရှိနေပြီး တစ်စုံတစ်ခုလိုနေတဲ့လူတစ်ယောက်

လိုနေတာလူတစ်ယောက်

ရှင့်အတွက်
ဘယ်လိုနတ်သက်ကြွေပေးနိုင်မှာလည်း

နှလုံးသားဟောက်ပက်နဲ့
လိုနေတဲ့လူတစ်ယောက်။ ။

ရယ်စရာမဂ္ဂဇင်း။

mgyoe.com

mgyoe.com



# အချစ်ကဗျာ

"ရှင်သေနတ်မှန်သွားရင်
ပြိုသွားတဲ့ အကျႌကို ဘယ်သူလာချုပ်ပေးမလဲ"

အချစ်က
ရှင်တစ်ချိန်လုံးသယ်လာတဲ့ကျမ်းတွေထက် ဆန်းကြယ်တယ်ဆိုတာ ရှင်မသိဘူးလား။

ရှင်ရေးနေတဲ့ကဗ္ဗာကို ရှင်အဓိပ္ပာယ်မဖွင့်တတ်ပေမဲ့
ရှင်တွေးနေတဲ့ကဗျာကို ကျွန်မအဓိပ္ပာယ်ဖွင့်တတ်တယ်
ကျွန်မနဲ့တွေ့တိုင်း ကဗျာလိုလို စာလိုလို လိုရင်းမရောက်ဘူး
(ရှင်ကျွန်မကို နမ်းချင်နေတယ်မဟုတ်လား)။

လုပ်ပါ လုပ်ပါ တိုင်းပြည်ကြီး ပြာပုံထဲက ပျံတက်လာအောင်
ရှင့်နှုတ်ခမ်းတွေတန်ခိုးနဲ့ ကျွန်မနှုတ်ခမ်းတွေ ကြွတက်လာအောင်လုပ်သလို လုပ်လိုက်ပါ။

လုပ်ပါ လုပ်လိုက်ပါ ဂစ်တာတစ်လုံးကို ၅ ယောက်ဝိုင်းတီးပြီး
ကျွန်မအာရုံ ၆ ပါးစလုံးကို ညှို့ယူလိုက်တဲ့ walk off the earth တွေလို လုပ်လိုက်စမ်းပါ။

mgyoe.com

mgyoe.com


တိုင်းရေး ပြည်ရေးကိစ္စတွေနဲ့ ရှင်မေ့လျော့နေတဲ့အခါ
အရာရာကို ကျွန်မကပဲ စတင်ပါ့မယ်
ရှင်ခေါင်းကိုမော့ထားပြီး ကြယ်တွေကိုပဲ ကြည့်နေထားလိုက်ပါ။

ကျွန်မကိုချစ်ရင် အမဲသားမစားပါနဲ့
ဒီလိုလည်း ကျွန်မသွေးမကြောင်ပါဘူး။
စိတ်ချပါ ရှင့်သူငယ်ချင်း ကဗျာဆရာတွေလာတဲ့အခါ
ရုပ်ရှင်မပြခင် နိုင်ငံတော်သီချင်းနဲ့အလံတက်လာသလို ကျွန်မ အမြဲတမ်းထ အလေးပြုနေပါမယ်။

စိတ်ဖြောင့်ဖြောင့်ထားပြီးချစ်
အဓိပ္ပာယ်မဖွင့်နိုင်တာကိုက အချစ်လေ
အဓိပ္ပာယ်မဖွင့်နိုင်တာကိုက ကဗျာလေ
ဒီတော့ အချစ်ဆိုတာ ကဗျာ ကဗျာဆိုတာအချစ်ပေါ့
စစ်ဘယ်လောက်ဖြစ်ဖြစ် ရှင့်ကိုချစ်နေမယ်ဆိုတာ ကျွားကိုခုန်အုပ်နေတဲ့ယုန်ကလေး ရှင်(ယုံလိုက်စမ်းပါအစဉ်/သခင်)၂

၂၀၁၃။

mgyoe.com

mgyoe.com



# အမေမွေးရင်း ကမ္ဘာတားရင်း စကြဝဠာအများကြိုက်ထေးဖြစ်လာခြင်း

ကြိုက်တဲ့ခေတ် ကြိုက်တဲ့နေရာ ကြိုက်တဲ့နေရောင်ကိုကြည့်
ကမ္ဘာကို ထိန်းကျောင်းခြင်းအနုပညာနဲ့မျက်နှာသစ်ဖို့ဆိုတာ
ရှေ့က အရှေ့ကို အရှိန်ယူနေတဲ့ ပေတံအသစ် ခဲတံအသစ် စာအုပ်အသစ် ကျောင်းအသစ်
အရိုးအသစ် အရေပြားအသစ် သွေးအသစ်နဲ့ ကမ္ဘာ့သယံဇာတ အစစ် ဆိုတာ
အဲ့ဒီ ဉာဏ်သစ်လောင်းမှုတွေနဲ့ သွေးတဒိတ်ဒိတ်တိုးနေတဲ့ အရွယ်အစား
အရေးတော်ပုံမှန်သမျှ စာသင်ခန်းထဲကထွက်လာတာချည်း
ယဉ်ကျေးမှုတော်လှန်ရေး စက်မှုတော်လှန်ရေး နည်းပညာတော်လှန်ရေး အာကာရှင်တော်လှန်ရေး။
ခင်ဗျားငြင်းနိုင်မလား ခင်ဗျားကိုငြင်းဖို့ ခင်ဗျားကိုသင်းဖို့ ခင်ဗျားကိုဆင်းဖို့
မြက်ရှင်းဖို့ လမ်းခင်းဖို့ ထွန်ယက်ဖို့အပြင် ဘုရားပင့်ဖို့အထိ သူတို့ကိုစွပဲ
စစ်သင်္ချိုင်းတွေဖျက် စာသင်ကျောင်းတွေဆောက်ဖို့က သူတို့ကိုစွပဲ
ကမ္ဘာကြီးကို ဘယ်လိုပျော်အောင်ထားမလဲဆိုတဲ့ အာရုံသစ်တွေဟာ သူတို့ကိုစွပဲ
စာသံပေသံ တချင်ချင်တလွင်လွင်နဲ့ သစ်ပင်စိုက်စားမယ်ဆိုတဲ့ဟာတွေ
ကမ္ဘာကြီးကလည်း
သူ့ရင်ဘတ်ပေါ် ဓားစိုက်ချလိုက်တာထက်စာရင် သစ်ပင်စိုက်တာကို သဘောတူထားပါသတဲ့။
တကယ့် နေ့မနိုင်ညမနိုင်ကောင်တွေ
တကယ့် အမိကလည်းဆုံးရ အဖကလည်းဆုံးရတော့မယ့် သူ့စပ်မြဲ့ရောက်သွားတော့မယ့် ကိုယ့်သားတွေ
လူငယ်ဆိုပေမဲ့ ကမ္ဘာလည်သလို လိုက်လည်နိုင်တဲ့ လူလည်လေးတွေ
ဟော့ဒီမှာ နောက်ထပ်ယူကြဦးမလားဆိုတဲ့
ကိုယ်ဝန်ဆောင်မိခင်တွေကိုယ်ထဲက လက်သီးလက်မောင်းတန်းနေတဲ့ ချစ်စရာသားပိုက်ကောင်လေးတွေ။

ဇူလိုင်၊ ၂၀၁၄။

mgyoe.com

mgyoe.com

# ငါတို့လူငယ်ဘဝ (၂၀)

တောအုပ်က ခါချလိုက်တဲ့သစ်ရွက်တွေလို
သူတို့ နွေရာသီမြစ်ကြီးထဲ မျောသွားကြတယ်။

မုန်တိုင်းကြောင့် ပင်လယ်ထဲနိမ့်ဆင်းသွားတဲ့သင်္ဘောကြီးလို
စစ်ကြောင့် စောင်းကျသွားတဲ့ တိုင်းပြည်ထဲ သူတို့အခက်အလက်တွေပြန်မရခဲ့ကြ။

ဂစ်တာသံတွေကြောင့် ဒီပခုံးထက်ကကြယ်တွေလန့်သေကြမယ်ဆိုရင်
ကျွန်တော့်လူငယ်ဘဝကို ရတဲ့နည်းနဲ့ပြန်စမယ်။ ။

၂၀၁၃။

mgyoe.com

mgyoe.com



## ငါတို့လူငယ်ဘ၀ (၂၁)

လမ်းနဲ့စာအုပ်တွေ အရွယ်ရောက်လာတဲ့အခါ
အဖိုးစိုက်ခဲ့တဲ့အပင်က လင်းပြီပေါ့။

သစ်ပင်နဲ့မြေဇာမြက်တွေ သဘာ၀တရားနဲ့ပလူးပလဲ
မြည်သံစွဲအလင်္ကာတွေနဲ့ အပြန်အလှန်မက်ဆေ့ချ်ပို့ ကြီးပွားလာကြတဲ့အခါ
တောအုပ်ထဲ ရထားလုံးမြင်းလှည်းတွေနဲ့ ငါတို့လျှောက်သွား
ညနေခင်းထဲ ဒေလီယာပန်းကလေးတွေကိုခူးဆွတ်၊ ပြီးရင်
ဓားတွေအစား ဂစ်တာတွေပြောင်းလွယ်လို့ မြို့ကြီးထဲမြောက်ကြွပြန်ခဲ့မယ်ပေါ့။

အရွယ်ရောက်လာတဲ့အခါ
အရွယ်ကျသွားတဲ့ ပဒေသရာဇ်အုတ်ဂူတွေရှေ့မှာ
ရယ်သံများ ပျိုးကဲ့ ဖြန့်ခင်းရင်း
ကဗျာတွေရွတ်မယ်
သီချင်းတွေဆိုမယ်
ဒီနည်းနဲ့ ပျော်ပွဲစားထွက်ရင်း မြေးမြစ်တွေကိုထိန်းကျောင်းကြမယ်လို့ ကတိစကား ထားခဲ့ကြတယ်။

၂၀၁၃။

mgyoe.com

mgyoe.com


# ငါတို့လူငယ်ဘဝ (၂၅)

တံတားပျက်တစ်ခုပေါ် ထိုင်မိတိုင်း
တံတားရဲ့လက်မောင်းသားကို ဖြတ်ဖောက်ထွက်သွားတဲ့
ကျည်ဆန်တစ်ထောင့်ရဲ့ နောက်ဆုံးသချိုင်းတည်ရာကိုကျွန်တော်တွေးနေမိတယ်။

တံတားအောက်ကို ကျွန်တော်တို့ငုံ့ကြည့်လိုက်တဲ့အခါ
မြစ်ရေကိုဖောက်ပြီး အရိုးစုတွေကို ကျွန်တော်တို့ တွေ့ခဲ့ရ။
ကြည့်ရင်းနဲ့ မြစ်ရေဟာ သွေးနဲ့မျက်ရည်များအသွင်ပြောင်းသွားကာ
တုန်လှုပ်စွာ မတုန်မလှုပ်
ခုခံကျဆုံးသွားကြသော ဘိုးဘွားများရဲ့အရိပ်တွေ ဖြတ်ပြေးနေတာကိုပင်တွေ့ခဲ့ရ။
ဆောင်းဥတုရဲ့နှင်းရိုင်းအုပ်ကြီး
ကျွန်တော်တို့အပေါ် တစ္ဆေတွေ ခုန်အုပ်လိုက်သလို အေးစိမ့်သွားမှ

မကျွတ်လွတ်သေးတဲ့တိုင်းပြည်တစ်ခု
အခန်းဆက်ကဗျာ အခန်းဆက်ကျွန်တော် အခန်းဆက်လက်ပံပွင့်တွေဝေရဦးမယ်ဆိုတာ
ကျွန်တော်တို့ သဘောပေါက်မိ
တံတားပေါ်မှာ တရားတော်တွေလည်း ကသစ်တွေလိုရဲရဲနီပွင့်လို့။ ။

mgyoe.com

mgyoe.com



## ဂျင်းဘောင်းဘီများ

ရေနစ်ရာ လုံစွပ်ကြီးနဲ့ပြေးလာ
ကံဆိုးရာ ဗုံးမိုးအရွာခံခဲ့ရတဲ့ မြို့ရွာများ။

မြစ်ထဲမှာ ရွှေရှာနေတာလား ကျည်ဆန်ရှာနေတာလား
ရမယ်။ ကျုပ်အဖေနဲ့ကျုပ်အစ်ကိုရဲ့ ရင်ဘတ်နဲ့ဦးခေါင်းထဲညှပ်နေတဲ့
ကျည်ဆန် ၂ တောင့်။

တွေ့လား တွေ့လား တွေ့လား ဟော့တွေ့လား
သဘော်ဆိပ်မှာ
အနာဂါတ်ပျောက်သွားလို့ လျှောက်ပြေးနေတဲ့ ပစ္စုပ္ပန်ဆိုးကြီးတစ်ခု။

ကြားလား ကြားလား ကြားလား ဟော့ ကြားကြလား
မြစ်ကြီးများရဲ့ အမြစ်ကျွတ်ထွက်သွားလို့ အော်နေတဲ့အသံ
ဇက်ပြတ်ပြီး ဇာတိပျောက်သွားတဲ့တောင်များရဲ့တော်လဲသံ
အိုစာမင်းစာ စေတီပုထိုးများရဲ့ ကျကွဲသံ။

mgyoe.com

mgyoe.com


ဟော့ ဘာအကာအရံမှမလိုချင်ဘူး ကာရံပါရင် ကန့်ထည့်လိုက်။

တွေ့လား ကြားလား ဟော့ တွေ့ကြလား ကြားကြလား
တဗွမ်းဗွမ်းနဲ့ သွေးအိုင်ထဲကတက်လာတဲ့ ငါ့သူငယ်ချင်းရဲ့ခြေသံ။

ပန်းဖိုထဲက အသစ်ထွက်လာမယ့်
မချိမဆံ့နဲ့ ဓားတစ်လက်ရဲ့ငရဲကိုဝိုင်းကြည့်နေကြတယ်။

ဒီကြယ်မှမရရင် မပြန်ဘူးဆိုတဲ့ အဲ့ဒီပခုံးပေါ်က လိပ်ပြာတွေ။
သစ္စာရေသောက်ဖို့လက် ၅ ချောင်းလုံးရဲ့ထိပ်ကို ဖောက်ချလိုက်တယ်။
ကင်းဗတ်ပေါ်ဆွဲချလိုက်တော့ မြစ်တွေလား ဂစ်တာကြိုးတွေလား
အဲ့ဒီ ပင်လယ်ရဲ့အဖျားမှာ
ကမ်းခြေစောင့် ဂျင်းဘောင်းဘီတွေနဲ့ပြည့်လို့။ ။

တောင်တွင်းကဗျာစာအုပ်။

mgyoe.com

mgyoe.com



## သေလို့ရတယ် အကောင်းဆုံးလူငယ် (၁)

တိတ်ဆိတ်မှုထဲ
အိပ်မက်ရဲ့ အိပ်မက်တွေ အားကောင်းမောင်းသန်
တိတ်ဆိတ်မှုထဲ
ပစ်မှတ်ရဲ့ ပစ်မှတ်တွေဟာ ပိုမိုတိကျလာ
တိတ်ဆိတ်မှုရဲ့ တိတ်ဆိတ်မှုထဲမှာ
ရန်သူနဲ့မိတ်ဆွေဆိုတာ
ဘီယာအမြှုပ်တွေ ငြိမ်ကျသွားသလို ပြတ်သားကြည်လင်လာခဲ့
အနှစ် (၂၀) ကျော်လာပြီဆိုတော့
ကျွန်တော်လည်း လူကြီးလူကောင်းကလေးဖြစ်လာပြီပေါ့
ဒီဘီယာခွက်ကို ကောင်းကောင်းမေ့လို့ရပြီ
ကဲ ဆူညံနေမှုများအတွက်
ဟေ့ DJ နှုတ်ခမ်းများနဲ့ဖန်ခွက်သားများကို
အိမ်ဖော်မလေးက အင်္ကျီအစုတ်ပခုံးကိုတင်းတင်းစုပ်
ကြမ်းပြင်ကိုလှုပ်လှုပ်ပြီးနမ်းနေသလို ကြမ်းကြမ်းလေးပွတ်လိုက်
ယမ်းနံ့တွေစွတ်စိုနေတဲ့
ဒီခြောက်သွေ့တောကြီးများရဲ့ နှုတ်ခမ်းထူထူကြီးတွေအတွက်။ ။

၄၊ ငြေ၊ ၂၀၁၄။

mgyoe.com